


VOLUME I, SPECIAL ISSUE 4 14 February 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား၍ ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းခံယူ | ၂ |
| ၃ | ၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း | ၁၄ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကောက်နုတ်ချက် | ၁၈ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ | ၂၀ |
| ၆ | (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ | ၂၅ |

# Information Sheet

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပ





၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပခဲ့ပါသည်။

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို –

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။
- တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအားအားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။
- စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး။
- ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေးဟူသည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အနှစ်သာရ ပြည့်ဝစွာ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၅ နာရီ မိနစ် ၂၀ တွင် ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ပြီး တိုင်းရင်းသား၊ တိုင်းရင်းသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံကို အလေးပြုခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၃-၂-၂၀၂၂)**

- **(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်၌ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခဲ့။**
- **အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး တိုင်းရင်းသား၊ တိုင်းရင်းသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံကို အလေးပြုခဲ့ကြ။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား၍ ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းခံယူ





၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက်တွင် နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းကို ခံယူခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်မှ အငြိမ်းစားဗိုလ်ချုပ်ကြီးနှင့် ဒုတိယဗိုလ်ချုပ်ကြီးများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၇) ဖွဲ့မှ ကိုယ်စားလှယ်များနှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်ကိုင်အဖွဲ့အစည်း (၄)ဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား/ တိုင်းရင်းသူများ၊ အစိုးရမဟုတ်သောအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ချီတက်အလေးပြုကြမည့် စစ်ကြောင်းတပ်ခွဲများသည် (၇၅)နှစ်မြောက်စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပမည့် ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ဂုဏ်ပြုအခမ်းအနား ကျင်းပမည့် ဥပစာရင်ပြင်ရှိ အလေးပြုခံစင်မြင့်သို့ရောက်ရှိရာ အမြောက်တပ်ဖွဲ့က အမြောက် (၂၁) ချက် ပစ်ဖောက်ဂုဏ်ပြုပြီး စစ်ကြောင်းတပ်ခွဲများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက အလေးပြုကြပါသည်။

ထို့နောက် “ပြည်ထောင်စုအလံတော်”ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင် ဦးဆောင်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အလံစောင့်အဖွဲ့နှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံကာ နေပြည်တော်မြို့တော်ခန်းမမှ အခမ်းအနားကျင်းပမည့် ဥပစာရင်ပြင်သို့ ပြည်ထောင်စုလှေဖြင့် သယ်ဆောင်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ “ပြည်ထောင်စုအလံ





တော်”ကို လွှဲပြောင်းပေးအပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက “ပြည်ထောင်စုအလံတော်”အား စင်မြင့်ထက်ရှိ ငွေဖလား၌ စိုက်ထူခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စစ်ကြောင်းတပ်ခွဲများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက “ပြည်ထောင်စု အလံတော်” ကို အလေးပြုကြပြီး (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပါသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ မိန့်ခွန်းပြောကြားခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်ထံ “ပြည်ထောင်စု အလံတော်” ကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က “ပြည်ထောင်စုအလံတော်”ကို တစ်နှစ်တာရပ်နားမည့် နေပြည်တော်မြို့တော်ခန်းမသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အလံစောင့်အဖွဲ့နှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံ၍ ပြည်ထောင်စုလှေဖြင့် ပြန်လည်သယ်ဆောင်ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ကို တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံတော်အဖွဲ့များ၊ ကိုယ်စားပြုတပ်ခွဲများနှင့် စစ်တီးဝိုင်းအဖွဲ့များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားပြုတပ်ခွဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အလံတော်အဖွဲ့နှင့် ကိုယ်စားပြုတပ်ခွဲ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အလံတော်အဖွဲ့နှင့် ကိုယ်စားပြုတပ်ခွဲ၊ အ.ထ.က(၁)ကျောင်းသား၊ ကျောင်းသူများ၏ ဘင်ခရာအဖွဲ့နှင့် နိုင်ငံတော်ဗဟိုစစ်တီးဝိုင်းတို့က ချီတက်အလေးပြုကြသည်။

ထိုသို့ ချီတက်အလေးပြုနေစဉ် ကြိုးကြာအုပ်ဖွဲ့ (၁)မှ Mi –17 ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံတော်အလံကို ချိတ်ဆွဲ၍ Eurocopter ရဟတ်ယာဉ်နှစ်စင်းတို့က စောင့်ကြပ်လိုက်ပါပျံသန်းကာ အမျိုးအစားမတူအုပ်ဖွဲ့ပုံသဏ္ဍာန်ပုံစံဖြင့်လည်းကောင်း၊ ကြိုးကြာအုပ်ဖွဲ့ (၂)မှ Mi–17 ရဟတ်ယာဉ်လေးစင်းနှင့် Mi–35P ရဟတ်ယာဉ် သုံးစင်း၊ H–120 ရဟတ်ယာဉ် သုံးစင်း၊ H–125 ရဟတ်ယာဉ်နှစ်စင်းတို့က ပြည်နယ်နှင့် တိုင်းဒေသကြီးအလံများကို ချိတ်ဆွဲ၍လည်းကောင်း၊ အာကာအုပ်ဖွဲ့မှ Y–12 လေယာဉ်သုံးစင်းက မြားဦးသဏ္ဍာန်အုပ်ဖွဲ့ပုံစံဖြင့်လည်းကောင်း၊ ရန်အောင်အုပ်ဖွဲ့မှ ATR–42 သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်း၊ Beech –1900 D သယ်ယူပို့ဆောင်ရေးလေယာဉ်နှစ်စင်းတို့သည် အမျိုးအစားမတူ အုပ်ဖွဲ့ပုံသဏ္ဍာန်ဖြင့်လည်းကောင်း၊ ရဲမာန်အုပ်ဖွဲ့မှ K–8 W ဂျက်တိုက်လေယာဉ်ငါးစင်းတို့သည် မြားဦးပုံသဏ္ဍာန်အုပ်ဖွဲ့ပုံစံ ပျံသန်းပြီး နိုင်ငံတော်အလံကို ကိုယ်စားပြုသည့် အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် မီးခိုးတန်း Smoke Trail များကို ထုတ်လွှတ်၍လည်းကောင်း၊ ယက္ခအုပ်ဖွဲ့မှ Yak–130 တိုက်လေယာဉ် လေးစင်း၊ သူရိန်အုပ်ဖွဲ့မှ F–7 ဂျက်တိုက်လေယာဉ် လေးစင်း၊ ရာဇာအုပ်ဖွဲ့မှ Mig –29 SE ဘက်စုံသုံး ဂျက်တိုက်လေယာဉ် ငါးစင်း၊ ရဲမာန်အုပ်ဖွဲ့မှ K–8 W ဂျက်တိုက်လေယာဉ်ငါးစင်းတို့သည် ဒုတိယအကြိမ်အဖြစ် ပျံသန်းပြီး နိုင်ငံတော်အလံကို ကိုယ်စားပြုသည့် အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်မီးခိုးတန်း Smoke Trail များကို ထုတ်လွှတ်၍လည်းကောင်း ဂုဏ်ပြုပျံသန်းအလေးပြုကြပါသည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ထုတ်ကုန်များကို သရုပ်ဖော်ပြသထားသည့် နေပြည်

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားမှတ်တမ်းဓာတ်ပုံများ









တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြုအလှပြယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့များက ရိုးရာသံစုံတေးသီးချင်းများဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြပြီး တပ်မတော်(လေ) ရာဇာအုပ်ဖွဲ့မှ Mig-29 SM ဘက်စုံသုံး ဂျက်တိုက်လေယာဉ် ငါးစင်းသည် မြားဦးပုံစံအုပ်ဖွဲ့ ပျံသန်းလာပြီး Fan Break ခေါ် ယပ်တောင်ပုံစံဖြန့်ခွဲပြီး Flare မီးကျည်များပစ်လွှတ်၍ ဂုဏ်ပြုပျံသန်းအလေးပြုကြပါသည်။

ဂုဏ်ပြုဖျော်ဖြေနေစဉ်အတွင်း နေပြည်တော်ကောင်စီနယ်မြေ ဇဗ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ (၁,၁၀၀) တို့က ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အမည် စာလုံးများကို ညီညာလှပစွာ ပုံဖော်ပြသကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၂-၂၀၂၂)**

- **(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက်တွင် နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းကို ခံယူခဲ့။**
- **မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ထုတ်ကုန်များကို သရုပ်ဖော်ပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြုအလှပြယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့များက ရိုးရာသံစုံတေးသီးချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်။**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားမှတ်တမ်းဓာတ်ပုံများ











## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုနေသည့် မှတ်တမ်းဓာတ်ပုံများ













(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်အား ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုနေသည့် မှတ်တမ်းဓာတ်ပုံများ













# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်နေမှု




ကချင်ပြည်နယ်




ကယားပြည်နယ်




ကရင်ပြည်နယ်

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်နေမှု**




ချင်းပြည်နယ်




စစ်ကိုင်းတိုင်းဒေသကြီး




တနင်္သာရီတိုင်းဒေသကြီး

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်နေမှု






ပဲခူးတိုင်းဒေသကြီး





မကွေးတိုင်းဒေသကြီး





မန္တလေးတိုင်းဒေသကြီး

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်နေမှု





မွန်ပြည်နယ်





ရခိုင်ပြည်နယ်





ရန်ကုန်တိုင်းဒေသကြီး

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်နေမှု**





ရှမ်းပြည်နယ်





ဧရာဝတီတိုင်းဒေသကြီး





ပြည်ထောင်စုနယ်မြေ

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား မှတ်တမ်းဓာတ်ပုံများ











# ၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း





၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင်-

- မြန်မာနိုင်ငံသမိုင်း၌ လွန်စွာထူးခြားလေးနက်သည့် စိန်ရတုပြည်ထောင်စုနေ့အခါသမယတွင် ယခုကဲ့သို့ ဂုဏ်ပြုအခမ်းအနားကြီးကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးနှင့်အတူ ခမ်းနားစွာကျင်းပနိုင်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။
- အတိတ်သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြည့်ပါက တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ချစ်ကြည်စည်းလုံးမှုကို တည်ဆောက်နိုင်ခဲ့သည့်ကာလများတွင် နိုင်ငံ့အင်အားတောင့်တင်းခိုင်မာပြီး သာယာဝပြောခဲ့ကြသော်လည်း အချင်းချင်းစည်းလုံးမှု လျော့ပါးခဲ့ကြသည့်အချိန်တွင် နိုင်ငံ့အင်အားဆုတ်ယုတ်ခဲ့ကာ သူ့ကျွန်ဘဝကျရောက်ခဲ့သည်ကို ခါးသီးစွာ သင်ခန်းစာယူကြရမှာဖြစ်ကြောင်း။
- ကိုလိုနီကျွန်ဘဝတွင် တောင်တန်းဒေသများက တိုင်းရင်းသားများနှင့် မြေပြန့်ဒေသက တိုင်းရင်းသားများအကြား သံသယစိတ်အမျိုးမျိုး ရိုက်သွင်းကာ ကျွန်သက်ရှည်အောင် ဆောင်ရွက်ခဲ့ကြပြီး မလွဲမရှောင်သာ လွတ်လပ်ရေးပေးရတော့မည့်အချိန်အထိ ခွဲခြားအုပ်ချုပ်မှုများ၊ သပ်လျှိုသွေးခွဲမှုများဖြင့် အချင်းချင်းစည်းလုံးမှုပြိုကွဲအောင် လုပ်ခဲ့ကြကြောင်း။
- မည်သို့ပင် သွေးခွဲသပ်လျှိုအုပ်ချုပ်ခဲ့သည်ဖြစ်စေ၊ မိမိတို့၏ ဘိုးဘွားမိဘများသည် မျိုးချစ်စိတ်ကို အရင်းတည်၍ ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို မွေးဖွားကာ လွတ်လပ်ရေးကြီးကို ပြန်လည်ရယူပေးခဲ့ကြကြောင်း။
- ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် တောင်တန်းပြည်မ မခွဲခြားဘဲ တစ်ညီတစ်ညွတ်တည်း လွတ်လပ်ရေးအရယူမည်ဆိုသည့် ခိုင်မာသောသန္နိဋ္ဌာန်စိတ်ကို ချမှတ်ကာ ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါနေ့ထူးနေ့မြတ်ကြီးကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ကြရာ ယခုတွင် (၇၅)နှစ် ပြည့်မြောက်ပြီး စိန်ရတုအဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ကြကြောင်း။
- စိန်ရတုပြည်ထောင်စုနေ့ အခါသမယတွင် တိုင်းရင်းသားခေါင်းဆောင်ကြီးများ အုတ်မြစ်ချပေးခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မာလာစေရေးနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့ကြသည့် ပြည်ထောင်စုကြီးအဓွန့်ရှည် တည်တံ့ရေးကို မိမိတို့အားလုံးက စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဖော်ဆောင်ပေးကြပါရန် ထပ်လောင်းတိုက်တွန်းလိုကြောင်း။
- ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးတွင် ပြည်ထောင်စုစိတ်ဓာတ် ကိန်းဝပ်ရှင်သန်နေရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊

တစ်အိမ်တည်းဟု စွဲမြဲခိုင်မာစွာလက်ခံမှတ်ယူထားသည့် သဘောထားခံယူချက်ပင်ဖြစ်ကြောင်း။

- တိုင်းရင်းသားအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမများဖြစ်သည်ဟု ခံယူထားသည့်စိတ်ဓာတ်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများ ဖြစ်သည်ဟု ခံယူသည့်စိတ်ဓာတ်၊ တစ်ဦးတွင် အရေးကြုံလျှင် တစ်ဦးက မပစ်ပယ်ဘဲ တစ်လုံးတစ်စည်းတည်း ပူးပေါင်းရင်ဆိုင် ဖြေရှင်းလိုသည့် စိတ်ဓာတ်၊ အရေးကြီးလျှင် သွေးစည်းရမည်ဟု ခံယူထားသည့်စိတ်ဓာတ်၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း၊ တစ်သားတည်းရှိသည်ဟု ခံယူသည့်စိတ်ဓာတ်များကို ပေါင်းရုံးစုစည်းပြီး ပြည်ထောင်စုစိတ်ဓာတ်ဟုခေါ်ဆိုခြင်း ဖြစ်ကြောင်း။
- ဒီမိုကရေစီဆိုရာတွင် လူအများစု၏ဆန္ဒကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်သလို၊ လူနည်းစု၏ဆန္ဒကိုလည်း လေးစားရမှာဖြစ်ကြောင်း။
- ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံကြီးအချို့သည် နိုင်ငံငယ်များ၏ ပြည်တွင်းရေးကိစ္စများတွင် အကြောင်းအမျိုးမျိုး ပြကာ ဝင်ရောက်စွက်ဖက်ပြီး တည်ငြိမ်မှုပျက်ပြားအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် နည်းလမ်းမျိုးစုံအသုံးပြု၍ ဆောင်ရွက်နေကြကြောင်း။
- အထူးသဖြင့် မြန်မာနိုင်ငံလို ပထဝီနိုင်ငံရေးအရ အရေးပါသည့်နိုင်ငံကို ၎င်းတို့အလိုကျ ပုံဖော်ဆောင်ရွက်နိုင်ရေးနှင့် ဒေသတွင်း ဩဇာကျယ်ပြန့်လာရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဖိအားပေးအကြပ်ကိုင်ခြင်း၊ အပြစ်ရှာဝေဖန်တိုက်ခိုက်ခြင်း၊ ပိတ်ဆို့အရေးယူခြင်းများ ဆောင်ရွက်နေသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း။
- "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်ထောင်စုသားအားလုံးက တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း။
- ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်ပြီး နိုင်ငံတော်အာဏာကို ရယူရန် ကြိုးစားခဲ့ခြင်းကို ထောက်ပြပြီး ဆောင်ရွက်သင့်တာ ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းခဲ့သည်ကို လစ်လျူရှုခဲ့သည့်အတွက် အရေးပေါ်ကာလသတ်မှတ်ပြီး တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။
- ဒီမိုကရေစီစနစ်တွင် တရားမျှတသည့် အထွေထွေရွေးကောက်ပွဲဖြစ်ရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ မရိုးမသားဖြင့် အဓမ္မအာဏာရယူရန် ဆောင်ရွက်ခဲ့သည့် အကြောင်းတရားများ၏ အကျိုးဆက်သည် ယနေ့ကြုံတွေ့နေရသည့် အခြေအနေများပင် ဖြစ်ကြောင်း။
- ဒီမိုကရေစီစနစ်တွင် အယူအဆမတူခြင်း၊ သဘောထားကွဲလွဲခြင်းများကို လက်ခံရမှာဖြစ်သော်လည်း လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲစသည့် တိုင်းရင်းသား ပြည်သူများကို ဒုက္ခဆင်းရဲဖြစ်စေသည့် ဆူပူအကြမ်းဖက်မှုမျိုးကိုတော့ လက်ခံနိုင်စရာမရှိကြောင်း၊ နိုင်ငံတော်ကို ပြည်တွင်း၊ ပြည်ပအန္တရာယ်များက ကာကွယ်ရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်ပါက တပ်မတော်က ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက ပေးအပ်သည့်တာဝန်ကို တပ်မတော်က ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။
- ရွေးကောက်ပွဲမသမာမှုက စခဲ့သည့် တရားလက်လွတ်၊ ဥပဒေမဲ့လုပ်ဆောင်နေကြသော အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကို ထောက်ပံ့ကူညီနေသူများ၊ ထောက်ခံအားပေးနေသူများအနေဖြင့် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် အမှန်တရားကို သိမြင်ပြီး အမှားများကို ပြင်ရန် အချိန်ရောက်နေပြီဖြစ်သည်ကို သတိပေးလိုကြောင်း။
- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့အနေဖြင့် ဆူပူအကြမ်းဖက်မှုများကို လက်ခံ၊ အားပေး၊ ကူညီပူးပေါင်းလုပ်ဆောင်နေခြင်းများကို ရပ်တန့်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်က ဖိတ်ခေါ်နေသည့် NCA လမ်းကြောင်းပေါ်ကို လှမ်းခဲ့ကြရန် ဖိတ်ခေါ်ပါကြောင်း။
- ပြည်ထောင်စုကြီး တည်ဆောက်သည့်နေရာတွင် ဒီမိုကရေစီနှင့်ပတ်သက်၍ လည်းကောင်း၊ ဖက်ဒရယ်နဲ့ပတ်သက်၍လည်းကောင်း မည်သို့ပင် အယူအဆအမျိုးမျိုးကွဲပြားနေပါစေ မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ်သည့်စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း။
- ယနေ့ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့တွင် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာထက်သန်စေရေးအတွက် မိမိတို့အစိုးရက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ခမ်းခမ်းနားနား

ဆောင်ရွက်နေကြောင်း၊ အေးအတူ၊ ပူအမျှ နေထိုင်ကြသည့် ပြည်ထောင်စု၏ အရိပ်အာဝါသနှင့် လုံခြုံမှုသည် မည်မျှစွမ်း အားကြီးမားသည်ဆိုသည်ကို ပုံဖော်နေတာဖြစ်ကြောင်း၊ နိုင်ငံရေးလုပ်နေတာမဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်သည့် တိုင်း ပြည်တည်ဆောက်ရေး (Nation Building) ကို ပုံဖော်နေ တာဖြစ်ကြောင်း၊ "ငါတို့အားလုံးသည်မြန်မာ"ဆိုသည့် ပုံ ရိပ်ကို စွဲထင်ကျန်ရစ်အောင် ဆောင်ရွက်နေတာဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လို လားတောင့်တနေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမို ကရေစီနိုင်ငံတော်ကို စုစည်းညီညွတ်မှု စွမ်းပကားဖြင့် တည်ဆောက်နေတာဖြစ်ကြောင်း။

- နယ်ချဲ့များ၏ သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် လွတ်လပ် ရေးနှင့်အတူ ဖြစ်ပွားခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိ ပက္ခသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်မှု ကို များစွာထိခိုက်ခဲ့ပြီး အရင်းအမြစ်များ၊ ခွန်အားများ၊ စွမ်း အားများ ပဋိပက္ခအပေါ်တွင် ဆုံးရှုံးခဲ့ကြောင်း၊ ထိုကဲ့သို့ ဆုံးရှုံးမှုများ ထပ်မဖြစ်ရေး၊ ပြည်တွင်းလက်နက်ကိုင်ပဋိ ပက္ခများချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် ဆောက်ရွက် ကြရမည်ဖြစ်ကြောင်း။
- ထိုကဲ့သို့ဆောင်ရွက်နိုင်ရန် အစိုးရနှင့် တပ်မတော်အနေ ဖြင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းတွင် တစ်ခါမှမရှိခဲ့ဖူး သည့် လိုက်လျောကမ်းလှမ်းချက် ၂ ခုဖြစ်သော တစ်ဖက် သတ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခြင်းနှင့် ထာဝရငြိမ်းချမ်း ရေးကို ဦးတည်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်နိုင်ရေး ဖိတ်ကြားခြင်းကို ဆောင်ရွက်ခဲ့ကြောင်း။
- တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှ စတင်၍ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ၄ နှစ်ကျော်ကာလ တစ်ဖတ်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် "ထာဝရငြိမ်းချမ်းရေး အတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်း အနားသို့ ဖိတ်ကြားခြင်း" ကြေညာချက်ကို ထုတ်ပြန်ခဲ့ ကြောင်း။
- ငြိမ်းချမ်းရေးကိုလိုချင်လျှင် တပ်မတော်က ပစ်ခတ်တိုက် ခိုက်မှုကို တစ်ဖက်သတ် ရပ်စဲပေးသင့်သည်ဆိုသည့် အဆို ပြုချက်များ၊ အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်း သားလက်နက်ကိုင်များနှင့် ဆွေးနွေးရာတွင် ကြိုတင်ကန့် သတ်မှုများ မပြုလုပ်သင့်ဆိုသည့် အဆိုပြုချက်များအပေါ် အကောင်းဆုံးဖြေရှင်းဆောင်ရွက်ပေးခဲ့တာ ဖြစ်ကြောင်း။
- အဆိုပါ ကြေညာချက်အပေါ်တွင် တိုင်းပြည်ကောင်းကျိုး ကို လိုလားသည့် နိုင်ငံရေးပါတီများ၊ လူမှုအစည်းအရုံးများ နှင့် ဘာသာရေးအသင်းအဖွဲ့များကလည်း ကြိုဆိုထောက်ခံ အားပေးကြောင်း ကြေညာချက်များထုတ်ပြန်ခဲ့ကြောင်း။
- ယနေ့အခမ်းအနားကိုလည်း NCA လက်မှတ်ရေးထိုးထား သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၇ ဖွဲ့နှင့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့အစည်း ၄ ဖွဲ့ တက်ရောက်လျက်ရှိကြောင်း။
- လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိသည့်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိရန် နိုင်ငံပေါင်းစုံနှင့် ချိတ် ဆက်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ ကို ရည်မှန်းဆောင်ရွက်ခဲ့သည့်အတိုင်း ၂၀၂၁ ခုနှစ်၊ ဒီဇင် ဘာလကုန်တွင် နိုင်ငံ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်အထိ ထိုးနှံပေးခဲ့ကြောင်း။
- တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် မြန်မာနိုင်ငံ တွင် ကျောင်းနေသူ ရာခိုင်နှုန်းနှင့် စာတတ်မြောက်သူရာ ခိုင်နှုန်း မြင့်မားလာစေရေးအတွက် ပညာရေးကို အလေး ထားအားပေးရန် လိုအပ်ကြောင်း။
- မျိုးဆက်သစ်လူငယ်လူရွယ်များကို ကောင်းမွန်သည့် စာ ပေပညာအမွေအနှစ်များ ပေးအပ်ခြင်းဖြင့် တစ်ဦးချင်းစီ အနေဖြင့် မိမိ၏ဘဝရည်မှန်းချက်အတိုင်း အကောင် အထည်ဖော်နိုင်မည်ဖြစ်သလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက် ရေးအတွက်လည်း အထောက်အကူပြုနိုင်မှာ ဖြစ်ကြောင်း။
- နိုင်ငံ၏ပကတိအခြေအနေအရ ပြည်ပအကူအညီများ လို အပ်သည်မှန်သော်လည်း ပြည်တွင်းအားဖြင့် လုပ်ဆောင် နိုင်တာများရှိကြောင်း၊ ပြည်ထောင်စု၏အင်အားကို တည် ဆောက်နိုင်ရန်အတွက်-
    - ♦ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်း ကုန်များသာ အားထားခဲ့၍ ပြည်သူပြည်သားများ၏ လူမှုစီးပွားတိုးတက်မှုအားနည်းခဲ့ခြင်းကြောင့် နံပါတ် (၁) အနေဖြင့် ပြည်တွင်းအားဖြင့် ပြည်တွင်းစီးပွား ရေး တိုးတက်မြှင့်တင်မည်။

♦ တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အတိုင်း နံပါတ်(၂) အနေဖြင့် ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်မည်၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်မည်ဆိုလျှင် နိုင်ငံရေး အားမကောင်းစရာမရှိကြောင်း။

♦ နံပါတ်(၃)အနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံးပါဝင်သည့် ကာကွယ်ရေးစွမ်းအား လုပ်ဆောင်ရန်ဖြစ်ပြီး မိမိတို့အားလုံး ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ညီညွတ်သည့်အင်အားဖြင့် နိုင်ငံတော်ကို ခေတ်မီပြီးစွမ်းရည်ပြည့်ဝသော ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ဖြင့် နိုင်ငံကာကွယ်ရေးစွမ်းအား တည်ဆောက်သွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ယနေ့ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်နှင့်အညီ တက်ညီလက်ညီဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၃-၂-၂၀၂၂)**

- **ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းဟု ခွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသည့် သဘောထားခံယူချက်ပင်ဖြစ်။**
- **ဒီမိုကရေစီဆိုရာတွင် လူအများစု၏ဆန္ဒကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်သလို၊ လူနည်းစု၏ဆန္ဒကိုလည်း လေးစားရမှာဖြစ်။**
- **ပြည်ထောင်စုသားအားလုံးက တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလို။**
- **၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်ပြီး နိုင်ငံတော်အာဏာကို ရယူရန် ကြိုးစားခဲ့ခြင်းကို ထောက်ပြပြီး ဆောင်ရွက်သင့်တာ ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းခဲ့သည်ကို လစ်လျူရှုခဲ့သည့်အတွက် အရေးပေါ်ကာလ သတ်မှတ်ပြီး တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်။**
- **ဒီမိုကရေစီစနစ်တွင် တရားမျှတသည့် အထွေထွေရွေးကောက်ပွဲဖြစ်ရေးသည် အရေးကြီးဆုံးဖြစ်၊ မရိုးမသားဖြင့် အဓမ္မအာဏာရယူရန် ဆောင်ရွက်ခဲ့သည့် အကြောင်းတရားများ၏ အကျိုးဆက်သည် ယနေ့ကြုံတွေ့နေရသည့် အခြေအနေများပင်ဖြစ်။**
- **ဒီမိုကရေစီစနစ်တွင် အယူအဆမတူခြင်း၊ သဘောထားကွဲလွဲခြင်းများကို လက်ခံရမှာဖြစ်သော်လည်း လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲစသည့် တိုင်းရင်းသားပြည်သူများကို ဒုက္ခဆင်းရဲဖြစ်စေသည့် ဆူပူအကြမ်းဖက်မှုမျိုးကိုတော့ လက်ခံနိုင်စရာမရှိ။**
- **ရွေးကောက်ပွဲမသမာမှုကစခဲ့သည့် တရားလက်လွတ်၊ ဥပဒေမဲ့ လုပ်ဆောင်နေကြသော အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကို ထောက်ပံ့ကူညီနေသူများ၊ ထောက်ခံအားပေးနေသူများအနေဖြင့် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် အမှန်တရားကို သိမြင်ပြီး အမှားများကို ပြင်ရန်အချိန်ရောက်နေပြီဖြစ်သည်ကို သတိပေးလို။**
- **အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့အနေဖြင့် ဆူပူအကြမ်းဖက်မှုများကို လက်ခံ၊ အားပေး၊ ကူညီပူးပေါင်းလုပ်ဆောင်နေခြင်းများကို ရပ်တန့်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်က ဖိတ်ခေါ်နေသည့် NCA လမ်းကြောင်းပေါ်ကို လှမ်းခဲ့ကြရန် ဖိတ်ခေါ်။**

- (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့တွင် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာထက်သန်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ခမ်းခမ်းနားနား ဆောင်ရွက်နေ။
- အစိုးရနှင့် တပ်မတော်အနေဖြင့် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်သမိုင်းတွင် တစ်ခါမှမရှိခဲ့ဖူးသည့် လိုက်လျောကမ်းလှမ်းချက် ၂ ခုဖြစ်သော တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခြင်းနှင့် ထာဝရငြိမ်းချမ်းရေးကို ဦးတည်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်နိုင်ရေး ဖိတ်ကြားခြင်းကို ဆောင်ရွက်ခဲ့။
- ယနေ့အခမ်းအနားကိုလည်း NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၇ ဖွဲ့နှင့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၄ ဖွဲ့ တက်ရောက် လျက်ရှိ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကောက်နုတ်ချက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကောက်နုတ်ချက်များမှာ-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းကို ပြန်ပြောင်းသုံးသပ်ကြည့်မည်ဆိုလျှင် တိုင်းရင်းသားသွေးချင်းများ၏ ချစ်ကြည်စုစည်းမှုကို တည်ဆောက်နိုင်သည့်ကာလများတွင် နိုင်ငံ့အင်အားတောင့်တင်းခိုင်မာ၍ စည်ပင်သာယာဝပြောခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားသွေးချင်းများအကြားတွင် စည်းလုံးညီညွတ်မှုလျော့ပါးခဲ့သည့် ကာလများတွင်မူ နိုင်ငံ့အင်အားဆုတ်ယုတ်ခဲ့ပြီး နောက်ဆုံးတွင် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည့် ခါးသီးသော အတွေ့အကြုံကို ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း။

- သူ့ကျွန်ဘဝ၌ နယ်ချဲ့အုပ်စိုးသူတို့က ၎င်းတို့၏စိုးမိုးခြယ်လှယ်မှု အခွန့်ရှည်တည်တံ့စေရေးအတွက် တိုင်းရင်းသားသွေးချင်းတို့အကြားတွင် အမျိုးမျိုးသွေးခွဲသပ်လျှိုခဲ့ကြခြင်းကြောင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု ပိုမိုလျော့ပါးခဲ့ရပြီး ပြည်ထောင်စုစိတ်ဓာတ်ပြိုကွဲခဲ့ရသည်မှာလည်း သတိပြုဆင်ခြင်ဖွယ် သမိုင်းပေးသင်ခန်းစာတစ်ရပ်ပင်ဖြစ်ကြောင်း။
- ဆုံးရှုံးခဲ့ရသည့် နိုင်ငံ့လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် တိုင်းရင်းသားပြည်သူများက တပ်မတော်နှင့်လက်တွဲကာ အသက်သွေးချွေးပေါင်းများစွာပေးဆပ်၍ မလျှော့သောဇွဲလုံ့လဖြင့် အခက်အခဲများစွာကို ရင်ဆိုင်ဖြတ်သန်းကြိုးပမ်းခဲ့ကြကြောင်း။
- ပြည်ထောင်စုစိတ်ဓာတ်အရင်းခံသည့် စည်းလုံးညီညွတ်မှု၏ အထိမ်းအမှတ်သက်သေအဖြစ် တောင်တန်းနှင့် မြေပြန့်တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူကြရန် သန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီး ဖေဖော်ဝါရီလ ၁၂ ရက်ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင် သတ်မှတ်ဂုဏ်ပြုခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၅) နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း။
- လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင် အကြောင်းအမျိုးမျိုးကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားကာ စတင်ဖြစ်ပွားခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ယနေ့ ကာလထိတိုင်အောင် အပြီးတိုင်မဖြေရှင်းနိုင်သေးခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်သေးခြင်းတို့ကြောင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေရသည်ကို တိုင်းရင်းသားညီနောင်များအားလုံး ကောင်းစွာသဘောပေါက်သိမြင်ကြပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြည့်အဝဖော်ဆောင်နိုင်ခြင်း မရှိသေးသမျှကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်ထောင်စုသားအချင်းချင်း ဝေမျှခံစားနိုင်ရန် အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်ကြောင်း။
- နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းရင်းသားညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ထိ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပြင် ဘုံသဘောတူညီချက်များရယူနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ်များကို သဘောတူညီခဲ့ကြပြီးဖြစ်ကြောင်း။
- မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေးကို မိမိတို့တိုင်းရင်းသားအားလုံးကပင် မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်ရာ သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူအားလုံးအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) ပါသဘောတူညီချက်များအတိုင်း တတ်နိုင်သမျှ အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်း။
- အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲမှန်ကန်လှသည့် ထာဝရအမှန်တရားပင်ဖြစ်ကြောင်း။
- တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားယုံကြည်မှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးတည်ဆောက်မည်ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်နိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် အရည်အချင်းပြည့်ဝ၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားရမည်ဖြစ်ကြောင်း။
- နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည် အလွန်အရေးကြီးပြီး မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့် လူမျိုးကိုထိပါးက မချိအောင်နာသည့် စိတ်ပင်ဖြစ်သည့်အပြင် မျိုးချစ်စိတ်ဓာတ်အားနည်းပါက တိုင်းပြည်နှင့် လူမျိုးအတွက် များစွာအန္တရာယ်ရှိကြောင်း။

- ဒီမိုကရေစီကိုဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပင်ဖြစ်ပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်နှင့်အတူ ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အလေးအနက်တိုက်တွန်းလိုကြောင်း။

၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်ကို တိုင်းရင်းသားပြည်သူအားလုံးက အလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် ဤနေ့ထူးနေ့မြတ်ဖြစ်သော စိန်ရတုပြည်ထောင်စုနေ့ အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာ ပေးပို့ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၂-၂-၂၀၂၂)**

- **အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲ မှန်ကန်လှသည့် ထာဝရအမှန်တရားပင်ဖြစ်။**
- **တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားယုံကြည်မှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးတည်ဆောက်မည်ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်နိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် အရည်အချင်းပြည့်ဝ၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားရမည်ဖြစ်။**
- **နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည် အလွန်အရေးကြီးပြီး မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့်လူမျိုးကိုထိပါက မချိအောင်နာသည့် စိတ်ပင်ဖြစ်သည့်အပြင် မျိုးချစ်စိတ်ဓာတ်အားနည်းပါက တိုင်းပြည်နှင့်လူမျိုးအတွက် များစွာအန္တရာယ်ရှိ။**
- **ဒီမိုကရေစီကိုဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပင်ဖြစ်ပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်နှင့်အတူ ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက် ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းနှင့်ဇနီး





ဒေါ်သန်းသန်းနွယ်တို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး သတ်မှတ်နေရာအသီးသီး၌ နေရာယူကာ စိန်ရတုပြည်ထောင်စုနေ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုအလံ၊ မြေပုံနှင့် အမည်စာလုံးဖော် Drone သရုပ်ပြလွှတ်တင်ခြင်းအစီအစဉ်ကို ကြည့်ရှုအားပေးကြပါသည်။

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုယာဉ်များ ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဂုဏ်ပြုယာဉ်အထူးဆုရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခင်မောင်ဆွေက ဂုဏ်ပြုယာဉ် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂုဏ်ပြုယာဉ် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ဂုဏ်ပြုယာဉ် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးအတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြပြီး ဆုချီးမြှင့်ပွဲအပြီးတွင် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုကြပါသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြရာ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြပါသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ညစာစားပွဲသို့ တတ်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအကအဖွဲ့များ၏ တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပါသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်မှ အငြိမ်းစားဗိုလ်ချုပ်ကြီးများနှင့် ဒုတိယဗိုလ်ချုပ်ကြီးများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၂-၂၀၂၂)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုညစာစားပွဲ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုယာဉ် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်အား ဆုချီးမြှင့်နေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက် ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်ခဲ့။

## စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲမှတ်တမ်းဓာတ်ပုံများ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုရရှိသူများနှင့် ဖျော်ဖြေတင်ဆက်သူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်နေမှု



တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအကအဖွဲ့များက သီဆိုကပြဖျော်ဖြေနေမှု



လေဟာပြင်ဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးနေမှု

**စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲတွင် Drone သရုပ်ပြလွှတ်တင်ခြင်းအစီအစဉ်နှင့် ဂုဏ်ပြုမီးပန်းပစ်ဖောက်ခြင်းများကို ကြည့်ရှုအားပေးနေသည့် မှတ်တမ်းဓာတ်ပုံများ**














# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ



**စစ်တွေမြို့တွင် စိန်ရတုပြည်ထောင်စုနေ့ ပြခန်းများဖွင့်ပွဲအခမ်းအနားကျင်းပနေမှု**

ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခေတ္တဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခေတ္တဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက–

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း။
- ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သော (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့သဝဏ်လွှာများကို သက်ဆိုင်ရာ တာဝန်ရှိသူများက အသီးသီးဖတ်ကြားခြင်း။
- စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုစသည့် ပြခန်းများနှင့် အားကစားပြိုင်ပွဲများကို လိုက်လံကြည့်ရှုအားပေးခြင်း။
- စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာသူများအား တိုင်းရင်းသားရိုးရာအစားအစာ စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ခြင်း။

ထို့ပြင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် လမ်း၊ တံတား၊ အဆောက်အဦများ၊ အားကစားကွင်းများနှင့် ဌာနဆိုင်ရာပြခန်းများအား ဖွင့်လှစ်ပေးခဲ့ကြောင်းနှင့် ညပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ ရောင်စုံမီးပန်းအလှများနှင့် ပျော်ပွဲရွှင်ပွဲများ အသီးသီးကျင်းပခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃–၂–၂၀၂၂)**

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပနေသည့် မှတ်တမ်းဓာတ်ပုံများ



ရေနံချောင်းမြို့



တောင်ကြီးမြို့



လောက်ကိုင်မြို့



ရန်ကုန်မြို့

- (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့။
- (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခေတ္တဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့။

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပနေသည့် မှတ်တမ်းဓာတ်ပုံများ**



အုတ်တွင်းမြို့



နမ့်ဆန်မြို့



ရေဖြူမြို့



ပြင်ဦးလွင်မြို့



မောင်တောမြို့



မကွေးမြို့

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပနေသည့် မှတ်တမ်းဓာတ်ပုံများ



ရပ်စောက်မြို့



မင်းဘူးမြို့



သထုံမြို့



ရေကြည်မြို့



မိုးမိတ်မြို့



ကျွန်စုမြို့

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပနေသည့် မှတ်တမ်းဓာတ်ပုံများ



ဘုတ်ပြင်းမြို့



မြဝတီမြို့



ထားဝယ်မြို့



ရမည်းသင်းမြို့



ကသာမြို့



ချီဖွေမြို့